


mgyoe.com







# First Pets

## Presidential Best Friends

အိမ်ဖြူတော်ကို စိုးစံခဲ့တဲ့
သမ္မတတစ်ဦးချင်းစီအလိုက်
သူတို့မွေးခဲ့တဲ့ အိမ်မွေးတိရစ္ဆာန်
အချစ်တော်လေးတွေရဲ့အကြောင်းကို
ဤစာအုပ်ထဲမှာ အပြည့်အစုံ
ဖော်ပြပေးထားပါတယ်။












Written by Nell Fuqua
Illustrated by Zina Saunders

LLKS0016
2,200.00 KS

mgyoe.com

ဒိပ်ပြုတော်၏ အချစ်တော်များ။ လင်းလက်ကြယ်စင်
စာမျက်နှာ ၄၉ မျက်နှာ၊ ၁၈·၅ စင်တီ x ၂၅·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■

# အိမ်ဖြူတော်၏အချစ်တော်များ

# First Pets

## Presidential Best Friends

လင်းလက်ကြယ်စင်

မြန်မာပြန်ဆိုသည်

[illegible] ၂၀၁၄

mgyoe.com

F-2A

mgyoe.com

mgyoe.com

mgyoe.com




# အိမ်ဖြူတော်၏ အချစ်တော်များ

## First Pets

### Presidential Best Friends

လင်းလက်ကြယ်စင်

မြန် မာ ပြန် ဆို သည်



Written by Nell Fuqua

Illustrated by Zina Saunders

mgyoe.com

mgyoe.com

"သင်ဟာဝါရှင်တန်မှာနေပြီး
မိတ်ဆွေ၊အဖော်လိုချင်တယ်ဆိုရင်
အနည်းဆုံးခွေးတစ်ကောင်
မွေးလိုက်ပါ"

**အမေရိကန်သမ္မတ**
**ဟင်နရီအက်စ် ထရူးမင်းန်**

အိမ်ဖြူတော်ကို စိုးစံခဲ့တဲ့ သမ္မတတစ်ဦးချင်းစီအလိုက်
သူတို့မွေးခဲ့တဲ့ အိမ်မွေးတိရစ္ဆာန် အချစ်တော်လေးတွေရဲ့
အကြောင်းကို ဤစာအုပ်ထဲမှာ အပြည့်အစုံ
ဖော်ပြပေးထားပါတယ်။

mgyoe.com

mgyoe.com

ကျွန်ုပ်တို့နိုင်ငံ စတင်တည်ထောင်ကတည်းက လူတွေရဲ့ အချစ်တော် အိမ်မွေးတိရစ္ဆာန်လေးတွေဟာ ကျွန်ုပ်တို့ အိမ်ဖြူတော်မိသားစုအတွင်း အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာခဲ့သူတွေ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ စိတ်ဖိစီးမှုတွေ ရှိနေချိန်၊ စိတ်ရှုပ်ထွေးနေတဲ့ အချိန်တွေမှာ ကိုယ်စိတ်နှစ်ပါး သက်သာပြေလျော့သွားစေဖို့ အိမ်မွေးတိရစ္ဆာန်လေးတွေက များစွာအကူအညီပေးနိုင်ကြပါတယ်။ အိမ်မွေးတိရစ္ဆာန်လေးတွေဟာ ကျွန်ုပ်တို့အတွက် မိတ်ဆွေကောင်းအဖြစ်နဲ့သာမက စိတ်ပျော်ရွှင်အောင် ဖျော်ဖြေပေးနိုင်တဲ့သူတွေအဖြစ်နဲ့ပါ ကောင်းကျိုးပြုတတ်ကြပါတယ်။

ဒီလိုနဲ့ပဲ တိရစ္ဆာန်အမျိုးအစားပေါင်း ၄၀၀ ကျော်ဟာ ကျွန်ုပ်တို့သမ္မတမိသားစုရဲ့ အကောင်းဆုံးသော မိတ်ဆွေတွေ ဖြစ်လာခဲ့ပြီး ကြွက်ကနေ ဝက်ဝံအဆုံး ဖွတ်၊ ပတပ်တွေကအစ ဆိတ်တွေအဆုံး အမျိုးစုံစွာ ပါဝင်တဲ့အထိ မွေးဖြစ်ခဲ့ပါတယ်။ အချစ်တော် အိမ်မွေးတိရစ္ဆာန် လေးတွေဟာ အမျိုးပေါင်း စုံလင်သလောက် တစ်မျိုးစီမှာလည်း အံ့သြစရာကောင်းလောက်တဲ့ အရည်အသွေးတွေ ရှိနေတာ တွေ့ရပါတယ်။

ဘယ် **ငှက်** က သမ္မတကြီးရဲ့နားကို ဆွဲလိမ်တတ်တဲ့အကျင့် ရှိပေမဲ့ သမ္မတကတော် အတွက်တော့ သာယာချိုမြတဲ့ တေးသီချင်းတွေ သီဆိုပေးတတ်ပါသလဲ။

ဘယ် **မြင်းပုကလေး** က အိမ်ဖြူတော်ရဲ့ ဓာတ်လှေကားထဲ တိတ်တိတ်ခိုးဝင်စီးသွားပြီး နေမကောင်းတဲ့ ကလေးကို သွားကြည့်တတ်ပါသလဲ။

**ဝါရှင်တန်တိရစ္ဆာန်ရုံ** ထဲမှာ နှစ်ပေါင်း ၄၀ နီးပါးကြာအထိ ထင်ပေါ်ကျော်ကြားမှု အရှိဆုံးသော တိရစ္ဆာန်က ဘာလဲ။



mgyoe.com



1st

# ဂျော့ချ်ဝါရှင်တန်


**အမေရိကန်၏ ပထမဆုံးသောသမ္မတ**

တာဝန်ထမ်းဆောင်သော
ကာလအပိုင်းအခြား
၁၇၈၉ — ၁၇၉၇

**သူ၏အိမ်မွေးတိရစ္ဆာန်များ**

| | |
|---|---|
| ငှက် | ၁ ကောင် |
| ခွေး | ၃၆ ကောင် |
| မြည်း | ၄ ကောင် |
| မြင်း | များပြားစွာ |
| လား | များပြားစွာ |





**နယ်လ်ဆင်** ဟာ ဂျော့ချ်ဝါရှင်တန်ရဲ့ အချစ်ဆုံးမြင်းတစ်ကောင် ဖြစ်ပါတယ်။ သူဟာ နီညိုတဲ့အရောင်အသွေးရှိပြီး သူ့သခင်လိုမျိုး ရဲရင့်တဲ့စိတ်ဓာတ်ရှိသူ ဖြစ်ပါတယ်။ စစ်တလင်းပြင်အတွင်း သေနတ်တွေ၊ အမြောက်တွေ ပစ်ခတ်နေချိန်မှာတောင် သူက တည်ငြိမ်စွာနဲ့ သခင်ရဲ့အမိန့်ကို နာခံတတ် လေ့ရှိပါတယ်။ သူ့ရဲ့တာဝန်ကျေပွန်မှုကို အသိအမှတ်ပြုတဲ့အနေနဲ့ တော်လှန်ရေး ပြီးသွားတဲ့နောက်ပိုင်းမှာ သူ့သခင်က သူ့ကို "မောင့်တ် ဗာနွန်စားကျက်ကွင်းမှာ အနားယူစေခဲ့ပါတယ်။ ထိုအချိန်က စပြီး နယ်လ်ဆင်ကို ဘယ်သူကမှ စီးခွင့်မရှိတော့သလို သူ့ကို ထပ်မံခိုင်းစေခြင်းကိုလည်း ဘယ်သူမှ လုပ်ခွင့်မရှိတော့ပါဘူး။

**ဆွိလစ်ပ်** ဆိုတဲ့ အမည်ပိုင်ရှင်နဲ့ **မဒမ်မော့စ်** ဆိုတဲ့ အမည်ပိုင်ရှင်လှပတဲ့ခွေးလေးတွေဟာ ဝါရှင်တန်ရဲ့အသည်းကျော်လေးတွေအဖြစ် နာမည်ကြီးသလောက် အထူးနေရာပေးခြင်းကိုလည်း ခံရသူတွေ ဖြစ်ပါတယ်။ အချိန်ကာလတွေ အတန်ကြာပြီးတဲ့နောက်မှာတော့ မြေခွေးလိုက်အားကစားအတွက် ဗာဂျီးနီးယား အမဲလိုက်ခွေးတွေကို ဂျော့ချ်ဝါရှင်တန်က မွေးမြူခဲ့ပါတယ်။



mgyoe.com

mgyoe.com




**တော်ဝင်လက်ဆောင်** ဆိုတာဟာ အမေရိကရဲ့ပထမဆုံးသော အိမ်မွေးတိရစ္ဆာန်မြည်းထီးဖြစ်ပြီး စပိန်ဘုရင်က သမ္မတဝါရှင်တန်ကို ပေးတဲ့လက်ဆောင်တစ်ခုလည်း ဖြစ်ပါတယ်။ မြည်းထီးကို လက်ဆောင်ရပြီးနောက်ပိုင်း ဝါရှင်တန်က သူ့မြည်းထီးအတွက် အဖော်မြည်းမတစ်ကောင် လိုက်ရှာခဲ့ပါတယ်။ ရည်ရွယ်ချက် ကတော့ မြည်းထီးနဲ့ မြည်းမတို့ကနေ သားအကောင်ရေများများ မွေးဖွားလာနိုင်အောင် ဖြစ်ပါတယ်။ ဝါရှင်တန်ဟာ တော်လှန်ရေးကာလအတွင်း ပြင်သစ်အရာရှိတစ်ဦးထံကနေ မြည်းသုံးကောင်ကို လက်ခံရရှိပြီးနောက်ပိုင်း လားအကောင်ရေများစွာကို ပိုင်ဆိုင်ခဲ့သူ ဖြစ်ပါတယ်။

**ပိုလီ** လို့ခေါ်တဲ့ အစိမ်းရောင်ကြက်တူရွေးကိုတော့ သမ္မတကတော်က ပိုင်ဆိုင်ပါတယ်။ သမ္မတကတော် မာသာဝါရှင်တန်ဟာ သူမရဲ့ကြက်တူရွေးပိုလီကို ပြင်သစ်သီချင်းတစ်ပုဒ် ဆိုတတ်စေဖို့ ၁၀ ရက်ကြာ အချိန်ပေးပြီး သင်ကြားပေးခဲ့သူ ဖြစ်ပါတယ်။ သို့သော်လည်း သမ္မတ ဝါရှင်တန်က အဲဒီငှက်ကို အယုံအကြည် မရှိသလို ချစ်လည်း မချစ်ဘူးလို့ဆိုပါတယ်။ ကြက်တူရွေးပိုလီနဲ့ သမ္မတဝါရှင်တန်တို့ အခန်းတစ်ခန်းထဲမှာ ရှိနေတဲ့အချိန်တွေဆို တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် စောင့်ကြည့်သတိထားတတ်ကြတယ်လို့ အိမ်ဖြူတော် အသိုင်းအဝန်းက ဆိုပါတယ်။



mgyoe.com

mgyoe.com




## သောမတ်စ် ဂျက်ဖာဆန်


**အမေရိကန်၏ တတိယမြောက်သမ္မတ**

တာဝန်ထမ်းဆောင်သော
ကာလအပိုင်းအခြား
၁၈၀၁ — ၁၈၀၉

### သူ၏အိမ်မွေးတိရစ္ဆာန်များ

| | |
|---|---|
| ငှက် | ၃ ကောင် |
| ခွေး | ၂ ကောင် |
| ဝက်ဝံ | ၂ ကောင် |
| မြင်း | ၉ ကောင် |





ဒစ်ခ်ဆိုတဲ့ အဖြူ အမည်း အရောင်နှစ်မျိုးပါ မြေလူးငှက်ဟာ အမေရိကန် သမ္မတ ဂျက်ဖာဆန် အနှစ်သက်ဆုံးသော အိမ်မွေးတိရစ္ဆာန်တစ်ကောင် ဖြစ်ပါတယ်။ အဲဒီမြေလူးငှက်ဟာ သမ္မတရဲ့ပခုံးပေါ်မှာ အမြဲတစေ တက်စီးနေတတ်ပြီး သမ္မတရဲ့အပေါ်အောက် နှုတ်ခမ်းနှစ်လွှာက အစားစာတွေကို ဘယ်လို ဆွဲယူစားသုံးတယ်ဆိုတာကို အသေအချာကြည့်၊ လေ့လာသင်ယူ လေ့ရှိသူ ဖြစ်ပါတယ်။

နောက်ပြီး အဲဒီမြေလူးငှက်ဟာ သမ္မတကြီး တယောထိုးတိုင်း တယောသံစဉ်နဲ့ စည်းဝါးညီစွာ သီချင်းဆိုတတ်တဲ့ပုံဖမ်းပြီး သီချင်းလိုက်ညည်း တတ်ပါတယ်။ ဒစ်ခ်က အဲဒီလို လုပ်ရတာကို နှစ်သက်ပုံရတယ်လို့ အိမ်ဖြူ တော်ရဲ့ဝန်ထမ်းတွေက ဆိုပါတယ်။

သမ္မတကြီးက အိပ်စက်ဖို့ အပေါ်ထပ် တက်သွားချိန်တွေမှာလည်း သမ္မတကြီး ခြေတစ်လှမ်းလှမ်းတိုင်း ဒစ်ခ်က တစ်ကြိမ် ခုန်ဆွပြီး နောက်က တောက်လျှောက် လိုက်တတ်ပါသေးတယ်။




mgyoe.com

mgyoe.com

**ဂရစ်ဇလီ** လို့ခေါ်တဲ့ ဝက်ဝံခေါင်းဖြူတွေ သင့်အိမ်ဝင်းထဲက မြက်ခင်းထဲ အစာစားနေတဲ့ပုံကို စိတ်ကူးပုံဖော်ကြည့်ပေးပါ။ သင်က ဝက်ဝံကို ချစ်တဲ့သူဆိုရင်တော့ အရမ်းကို ကြည်နူးဖွယ်ကောင်းတဲ့ မြင်ကွင်းတစ်ခုအဖြစ် သင်က သတ်မှတ်ပါလိမ့်မယ်။ သမ္မတ ဂျက်ဖာဆန်ဟာ ၁၈၀၇ ခုနှစ်အတွင်း "ဇီဘူလွန်ပိုက်ခ်"လို့ အမည်ရတဲ့ အနောက်တိုင်းသား စူးစမ်းရှာဖွေသူဆီကနေ ဂရစ်ဇလီဝက်ဝံခေါင်းဖြူ အကောင်ပေါက်လေး နှစ်ကောင်ကို လက်ဆောင်အဖြစ် လက်ခံရရှိခဲ့ပါတယ်။ ဂျက်ဖာဆန်က အဲဒီဝက်ဝံပေါက်လေးနှစ်ကောင်ကို မြက်ခင်းပြင်မှာပဲ လှောင်အိမ်နဲ့ ထည့်မွေးထားလိုက်တယ်။ အဲဒီမြက်ခင်းဟာ နောက်ပိုင်းမှာ "ဂျက်ဖာဆန်ရဲ့ ဝက်ဝံဥယျာဉ်"အဖြစ် ထင်ရှားလာခဲ့ပါတယ်။

ဆောင်းရာသီ ရောက်လာချိန်မှာတော့ ဂျက်ဖာဆန်ဟာ အဲဒီဝက်ဝံနှစ်ကောင်ကို ဖီလာဒဲလ်ဖီးယားမှာနေတဲ့ မိတ်ဆွေတစ်ဦးဆီ ပို့လိုက်ပြီး အဲဒီမိတ်ဆွေကပဲ ဝက်ဝံနှစ်ကောင်ကို အချိန်ပြည့် ပြုစုစောင့်ရှောက်ပေးခဲ့ပါတယ်။




mgyoe.com

mgyoe.com




## ဂျိမ်း မက်ဒီဆန်

**အမေရိကန်၏ စတုတ္ထမြောက်သမ္မတ**

တာဝန်ထမ်းဆောင်သော
ကာလအပိုင်းအခြား
၁၈၀၉ — ၁၈၁၇


**သူ၏အိမ်မွေးတိရစ္ဆာန်များ**

ငှက် ၃ ကောင်

သမ္မတကတော် ဒေါ်လီမက်ဒီဆန်ရဲ့ အချစ်တော်ကြက်တူရွေးဟာ စိတ်လှုပ်ရှားစရာကောင်းတဲ့ ဘဝကို ပိုင်ဆိုင်ခွင့်ရရှိတဲ့ အစိမ်းရောင်ရှိပြီး အမြီးရှည်တဲ့အမေရိကန်ကြက်တူရွေးပဲ ဖြစ်ပါတယ်။

အဲဒီကြက်တူရွေးကို **ပိုလီ** လို့ အမည်ပေးထားခဲ့ပါတယ်။ ၁၈၁၂ ခုနှစ် စစ်ပွဲကာလအတွင်း ဗြိတိသျှတပ်တွေက ဝါရှင်တန်ဒီစီကို ချီတက်တိုက်ခိုက်တဲ့အခါ သမ္မတ မက်ဒီဆန်က မြို့တော်ကို ကာကွယ်နေတဲ့ သူ့ရဲ့တပ်ဖွဲ့တွေရှိရာကို သွားရောက်စစ်ဆေးဖို့ အိမ်ဖြူတော်က ထွက်လာခဲ့ပါတယ်။ ဗြိတိသျှစစ်တပ်တွေက မြို့တော်နဲ့အရမ်းကို နီးကပ်လာတဲ့အချိန်မှာ သမ္မတကတော် ဒေါ်လီက ထွက်ပြေးတိမ်းရှောင်ဖို့အတွက် သူမရဲ့အရေးကြီးပစ္စည်းတွေကို စုစည်းထုပ်ပိုးလိုက်တယ်။ သူမရဲ့အရေးကြီးဆုံးပစ္စည်းတွေကတော့ အမေရိကန်လွတ်လပ်ရေးကြေညာစာတမ်း၊ ငွေထည်ပစ္စည်းများ၊ အနီရောင်ကတ္တီပါခြုံထည်များ၊ နာရီသေးတစ်လုံး၊ သမ္မတ ဂျော့ချ်ဝါရှင်တန်ရဲ့ ပုံတူပန်းချီကားတစ်ချပ်နဲ့ နောက်ဆုံးအရေးကြီးပစ္စည်းဖြစ်တဲ့ "ပိုလီ"ကြက်တူရွေးတို့ပဲ ဖြစ်ပါတယ်။ နာရီပိုင်းအနည်းငယ်ကြာပြီးတဲ့နောက် ဗြိတိသျှစစ်တပ် ရောက်လာပြီး သမ္မတအိမ်တော်ကို မီးမရှို့ခင်အထဲက ပစ္စည်းတွေကို အလုအယက် ရှာဖွေဖျက်ဆီး ရယူလိုက်ကြပါတယ်။

ပိုလီရဲ့စိတ်လှုပ်ရှားစရာကောင်းတဲ့ ဘဝအတွေ့အကြုံအဖြစ်အပျက်ကတော့ သူမရဲ့အမွေးအတောင်တစ်စုံမှ မထိခိုက် မဆုံးရှုံးရဘဲ အသက်ဘေးကနေ သီသီကလေး လွတ်သွားခဲ့ခြင်းပဲ ဖြစ်ပါတယ်။









mgyoe.com

F-4B

mgyoe.com






## ဂျွန် အာဒမ်

**အမေရိကန်၏ ဆဋ္ဌမမြောက်သမ္မတ**

တာဝန်ထမ်းဆောင်သော
ကာလအပိုင်းအခြား
၁၈၂၅ — ၁၈၂၉

**သူ၏အိမ်မွေးတိရစ္ဆာန်များ**

| | |
|---|---|
| ခွေး | ၁ ကောင် |
| ထူးထူးခြားခြား အိမ်မွေးတိရစ္ဆာန် (မိကျောင်း) | ၁ ကောင် |





အိမ်ဖြူတော်မှာနေတဲ့ အိမ်မွေးတိရစ္ဆာန်တွေအားလုံးထဲမှာ အထူးခြားဆုံးသော အိမ်မွေးတိရစ္ဆာန်ကတော့ အယ်လီဂိတ်တာ မိကျောင်းပဲ ဖြစ်ပါတယ်။ အဲဒီမိကျောင်းကို ဖလော်ရီဒါပြည်နယ်အတွင်း အကောင်ပေါက်ဘဝကတည်းက ဖမ်းယူမွေးမြူခဲ့တာလို့ ဆိုပါတယ်။ နောက်တော့ အဲဒီမိကျောင်းကို မြို့စားငယ်တစ်ယောက်ဆီ ဧည့်သည်အဖြစ်သွားရောက်ရင်း လက်ဆောင်ပေးဖို့ စဉ်းစားလိုက်တယ်။ ဒါပေမဲ့ မိကျောင်းကို လက်ဆောင်အဖြစ် ပေးကမ်းခြင်းဟာ ယဉ်ကျေးမှု မရှိရာရောက်တယ်လို့ မြို့စား ထင်သွားမှာစိုးပြီး ဝါရှင်တန်ကို အပြန်ခရီးမှာ အာဒမ်က မိကျောင်းကိုပါ တစ်ခါတည်း ခေါ်လာခဲ့ပါတော့တယ်။

အိမ်ဖြူတော်ကို ပြန်ရောက်တာနဲ့ သမ္မတအာဒမ်က မိကျောင်းကို ရေချိုးဇလုံထဲ ထည့်ပေးထားလိုက်တယ်။ နောက်ပိုင်းမှာတော့ အာဒမ်က အဲဒီတွားသွားသတ္တဝါကို တိရစ္ဆာန်ရုံတစ်ရုံဆီ သွားလှူလိုက်တယ်လို့ သိရပါတယ်။


mgyoe.com

mgyoe.com




## အင်ဒရူး ဂျက်ဆန်

**အမေရိကန်၏ သတ္တမမြောက်သမ္မတ**

တာဝန်ထမ်းဆောင်သော
ကာလအပိုင်းအခြား
၁၈၂၉ — ၁၈၃၇

**သူ၏အိမ်မွေးတိရစ္ဆာန်များ**


| | |
|---|---|
| ငှက် | ၁ ကောင် |
| မြင်း | ၅ ကောင် |

ထူးဆန်းသော
အိမ်မွေးတိရစ္ဆာန် တိုက်ကြက်များ




**ထရပ်စ်တန်**ဟာ တစ်ချိန်က နာမည်ကျော်ကြား လူသိများခဲ့တဲ့ ပြိုင်မြင်းတစ်ကောင် ဖြစ်ပါတယ်။ သူဟာ အုန်းခွံရောင်အသွေးရှိတဲ့ ပြိုင်မြင်းထီးတစ်ကောင်ဖြစ်ပြီး ၁၈၀၅ ခုနှစ်အတွင်း တန်နက်ဆီပြည်နယ်၊ နယ်ရှ်ဗီးလ်းမြင်းပြိုင်ပွဲမှာ ရှုံးနိမ့်ခဲ့တဲ့ မြင်းတစ်ကောင်လည်း ဖြစ်ပါတယ်။ ဒီအခြေအနေကို သမ္မတ ဂျက်ဆန်က သိထားပြီးဖြစ်တာကြောင့် ထရပ်စ်တန်က ဒေသတွင်း ပြိုင်ပွဲတွေမှာ ဘယ်လောက်ပဲ အနိုင်ရရ ဂျက်ဆန်က အာရုံမထားခဲ့တာ ဖြစ်ပါတယ်။ နောက်တော့ သမ္မတဂျက်ဆန်က ငါးနှစ်သားအရွယ် မြင်းကလေးတွေကို မွေးပြီး သင်ကြားလေ့ကျင့်မှုတွေ ပြုလုပ်တယ်။ နောက်တော့ "ဂရေးဟောင်း"ဆိုတဲ့ ပြိုင်မြင်းနဲ့ "ထရပ်စ်တန်" တို့ကိုလည်း ပြန်လည်ပြိုင်ပွဲဝင်နိုင်အောင် ထပ်မံလေ့ကျင့်ပေးခဲ့ပါတယ်။ ဂျက်ဆန်ရဲ့ကြိုးစားလေ့ကျင့်ပေးမှုကြောင့် "ဂရေးဟောင်း"ရော၊ "ထရပ်စ်တန်"ပါ နောက်တစ်ကြိမ် ကျင်းပတဲ့ ပြိုင်ပွဲအသီးသီးမှာ အောင်ပန်းဆွတ်ခူးနိုင်ခဲ့ကြပါတယ်။ ထရပ်စစ်တန်ကို ပြိုင်ပွဲဝင်မြင်းဘဝကနေ အနားပေးပြီးတဲ့နောက် မြင်းအကောင်ပေါက် ၄၀၀ ကျော် မွေးထုတ်စေတဲ့ မြင်းဖခင် တာဝန်ကို ထမ်းစေခဲ့ပါတယ်။

**ပိုးလ်**ဆိုတဲ့ ကြက်တူရွေးကတော့ တော်တော်လေးလှပတဲ့ ငှက်တစ်ကောင်ဖြစ်ပြီး ဂျက်ဆန် သမ္မတမဖြစ်ခင်ကတည်းက အိမ်မွေးတိရစ္ဆာန်တစ်ကောင်အဖြစ် ရှိနေခဲ့ပါတယ်။ ဂျက်ဆန် သမ္မတရာထူးကနေ အနားယူတဲ့အချိန်မှာ ပိုးလ်က အသက်ရှင်ဆဲ ရှိခဲ့တယ်လို့ ဆိုပါတယ်။ မျက်မြင်သက်သေတို့ရဲ့ အဆိုအရ အဲဒီကြက်တူရွေးဟာ ပါးစပ်က ကျိန်ဆဲတဲ့စကားတွေ အမြဲတမ်းပြောဆိုနေတာကြောင့် နောက်ဆုံး သူ့ကို မောင်းထုတ်ပစ်လိုက်တယ်လို့ သိရပါတယ်။





mgyoe.com

mgyoe.com






## ဂျွန် တိုင်လာ

**အမေရိကန်၏ ၁၀ ယောက်မြောက်သမ္မတ**

တာဝန်ထမ်းဆောင်သော
ကာလအပိုင်းအခြား
၁၈၄၁ — ၁၈၄၅

**သူ၏အိမ်မွေးတိရစ္ဆာန်များ**

| | |
|---|---|
| ငှက် | ၂ ကောင် |
| မြွေး | ၂ ကောင် |
| မြင်း | ၁ ကောင် |




ဂျွန်နီ တိုင် ဆိုတဲ့ ကနေရီ(စာဝါငှက်)ဟာ စာပေးစာယူ တာဝန်ထမ်းဆောင်ပေးရတဲ့ ငှက်မျိုးဖြစ်ပါတယ်။ သူ့ကို ဂျွန်တိုင်လာနဲ့ ဂျူလီယာတိုင်လာတို့က ပိုင်ဆိုင်ပါတယ်။ ဂျွန်တိုင်လာနဲ့ ဂျူလီယာတို့က မကြာသေးခင်ကမှ အိမ်ဖြူတော်မှာလက်ထပ်လိုက်ကြသူတွေ ဖြစ်ပါတယ်။ တိုင်လာစုံတွဲက "ဂျွန်နီတိုင်"ဆိုတဲ့ ကနေရီငှက်မှာလည်း အဖော်ရှိသင့်တယ်လို့ ယူဆကြတယ်။ ဒီတော့ သမ္မတကတော်က နယူးယောက်မှာရှိတဲ့ သူ့မိသားစုဆီ စာရေးပြီး ဂျွန်နီတိုင်အတွက် အဖော်ရှာပေးဖို့ အကူအညီတောင်းလိုက်တယ်။ သမ္မတကတော်ရဲ့မိသားစုက လှပတဲ့ငှက်တစ်ကောင်ကို တွေ့ပြီး ဗာဂျီးနီးယားမှာရှိတဲ့ တိုင်လာရဲ့အိမ်ကို သွားရောက်ခဲ့ပါတယ်။

ဂျွန်နီတိုင်ဆိုတဲ့ ကနေရီငှက်က သူ့လှောင်အိမ်ထဲကို နောက်ထပ်ငှက်တစ်ကောင် ဝင်လာတာကို တွေ့ပြီး စိတ်လှုပ်ရှားသွားတာပေါ့။ ဒါပေမဲ့ သမ္မတကတော်တို့ တွက်ကိန်းက တော်တော်ကို မှားယွင်းသွားခဲ့ပါတယ်။ လှောင်အိမ်ထဲ ငှက်သူစိမ်းတစ်ကောင် ဝင်လာတော့ ဂျွန်နီတိုင် တခုန်ခုန်နဲ့ လုပ်နေလိုက်တယ်။ သူက လှောင်အိမ်မှာ ပါတဲ့ တန်းပေါ်မှာ မနေတော့ဘဲ လှောင်အိမ်ရဲ့ အောက်ကြမ်းပြင်ပေါ်မှာ သွားနားနေလိုက်တယ်။ ပြီးတော့ သူဦးခေါင်းကို သူ့တောင်ပံကြားထဲမှာ ဝှက်ထားလိုက်တယ်။ ရက်သတ္တပတ်တစ်ပတ်လောက် ကြာပြီးတော့ ဂျွန်နီတိုင်ဆိုတဲ့ ကနေရီ ငှက်ဟာ သေဆုံးသွားပါတော့တယ်။ နောက်တော့ သမ္မတနဲ့ သမ္မတကတော်တို့က လှောင်အိမ်ထဲက ငှက်ကို အသေအချာ စစ်ဆေးလိုက်ကြတယ်။ သူတို့က ဂျွန်နီတိုင် အဖော်ရအောင် အသစ်ရှာပေးတဲ့ ငှက်က အမ မဟုတ်ဘဲ အထီးဖြစ်နေတာကို တွေ့လိုက်ရပါတော့တယ်။



mgyoe.com

mgyoe.com




## ဇာချာရီ တေလာ

**အမေရိကန်၏ ၁၂ ယောက်မြောက်သမ္မတ**

**တာဝန်ထမ်းဆောင်သော**
**ကာလအပိုင်းအခြား**
**၁၈၄၉ — ၁၈၅၀**

**သူ၏အိမ်မွေးတိရစ္ဆာန်များ**

| | |
|---|---|
| မြင်း | ၁ ကောင် |



**မြင်းအိုကြီး ဝှိုက်တီ** ဟာ သာမန်မြင်းတွေနဲ့ မတူတဲ့ ထူးခြားတဲ့မြင်းတစ်ကောင် ဖြစ်ပါတယ်။ တစ်နေ့မှာ ဝှိုက်တီက ရှေ့တန်းစစ်မျက်နှာ ထွက်ရဖို့ အမိန့်ကျလာတယ်။ ဒီလိုနဲ့ ဝှိုက်တီနဲ့ သူ့သခင် ဗိုလ်ချုပ်ကြီး ဇာချာရီ တေလာတို့ဟာ အင်ဒီယားနားနယ်မြေတွေထဲမှာ ဖြစ်ပွားခဲ့တဲ့ စစ်ပွဲပေါင်းများစွာမှာ အစဉ်အမြဲ အသက်ရှင်ကျန်ရစ်သူတွေ ဖြစ်ခဲ့ပါတယ်။ သူတို့ဟာ အီလီနွိုက်စ်၊ ဖလော်ရီဒါ၊ တက္ကဆက်၊ မက္ကဆီကို ဒေသစစ်ပွဲတွေမှာလည်း ကြံ့ကြံ့ခံ တိုက်ခိုက်ရင်း အသက်ရှင်ကျန်ရစ်သူတွေ ဖြစ်ပါတယ်။

တစ်ခုသော တိုက်ပွဲမှာတော့ အမြောက်ဆန်တစ်လုံးက သူတို့ဆီကို တိုက်ရိုက်ဦးတည်လာနေတာကြောင့် အသက်လုပြီး ထွက်ပြေးခဲ့ရတာလို့ ဆိုပါတယ်။ ဗိုလ်ချုပ်ကြီးက ရန်သူ့ဘက်က ပစ်တဲ့ အမြောက်ဆန်ကို မြင်းပေါ်က ကိုယ်ဟန်အနေအထား အမျိုးမျိုးလုပ်ပြီး ရှောင်တိမ်းခဲ့တယ်။ အောက်မှာရှိနေတဲ့ ဝှိုက်တီကလည်း မလှုပ်မယှက်ဘဲ ငြိမ်သက်စွာ ရပ်နေ ခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီတိုက်ပွဲမှာ ဗိုလ်ချုပ်ကြီး ဇာချာရီရော၊ ဝှိုက်တီဆိုတဲ့ မြင်းပါ ရန်သူ့ဘက်က လက်နက် ဘာတစ်ခုမှ မထိခဲ့ပါဘူးလို့ ဆိုပါတယ်။ ဗိုလ်ချုပ်ကြီးတေလာ ဘဝကနေ သမ္မတ ဖြစ်လာချိန်မှာတော့ ဝှိုက်တီဆိုတဲ့ မြင်းကို အနားပေးပြီး အိမ်ဖြူတော်မှာပဲ ဆက်မွေးထားခဲ့ပါတယ်။

သမ္မတကြီးက ဝှိုက်တီကို သီးသန့်မြက်ခင်းမှာ စားကျက်ကောင်းတစ်ခုအဖြစ် သူ့ကိုပေးထားခဲ့တယ်။ သို့သော်လည်း အိမ်ဖြူတော်ကို အလည်အပတ် ရောက်လာတဲ့ ဧည့်သည်တွေကြောင့် ဝှိုက်တီ စိတ်ညစ်ရပါတယ်။ ဧည့်သည်တွေက ရာဇဝင်တွင် စစ်မြင်းကြီးဖြစ်တဲ့သူ့ကို ချီးမွမ်းဂုဏ်ပြုစကားတွေ ပြောကြရင်း အမှတ်တရလက်ဆောင်အဖြစ် သူ့အမြီးက အမြီးဆံတစ်ချောင်းချင်းစီကို နှုတ်နှုတ်သွားကြတယ်လို့ ဆိုပါတယ်။



mgyoe.com

mgyoe.com






## ဂျိမ်း ဘူချာနန်

**အမေရိကန်၏ ၁၅ ယောက်မြောက်သမ္မတ**

တာဝန်ထမ်းဆောင်သော
ကာလအပိုင်းအခြား
၁၈၅၇ — ၁၈၆၁

**သူ၏အိမ်မွေးတိရစ္ဆာန်များ**

| | |
|---|---|
| ငှက် | ၂ ကောင် |
| ခွေး | ၁ ကောင် |

ပုံမှန်မွေးနေကျ
မဟုတ်သော
အိမ်မွေးတိရစ္ဆာန် လင်းယုန်ငှက်များ

**လာရာ** ဆိုတဲ့ နယူးဖောင်းလင်းန်ဒေသခွေးဟာ အိမ်ဖြူတော်မှာရှိတဲ့ အကြီးဆုံးသော ခွေးတစ်ကောင် ဖြစ်ပါတယ်။ အဲဒီခွေးဟာ ကိုယ်အလေးချိန်ပေါင် ၁၇၀ (၇၇ ကီလိုဂရမ်) ရှိပြီး အမြီးကလည်း တုတ်ခိုင်တဲ့ပုံသဏ္ဍာန်ရှိတာ တွေ့ရပါတယ်။ လာရာဟာ အိမ်ဖြူတော်ရဲ့ တိရစ္ဆာန်တွေထဲမှာ လူချစ်လူခင် အများဆုံးနဲ့ အထင်ပေါ်ဆုံးသော ခွေးတစ်ကောင်အဖြစ် နာမည်ကျော်ကြားခဲ့ပါတယ်။ လာရာက နာရီပေါင်း အတော်ကြာတဲ့အထိ ကြမ်းပြင်ပေါ်မှာ မလှုပ်မယှက်နဲ့ ငြိမ်ငြိမ်လေး နေတတ်လေ့ ရှိပါတယ်။ သူက အဲဒီလိုနေရာမှာ မျက်စိတစ်ဖက်ကို ပိတ်ပြီး မျက်စိတစ်ဖက်ကို ဖွင့်ထားတတ်ပါတယ်။ ဒါကြောင့်လည်း သူက နာမည်ကြီးရခြင်း ဖြစ်ပါသတဲ့။

လင်းယုန်ငှက်တွေကတော့ ပင်လယ်ထဲမှာ ငါးဖမ်းပိုက်တွေကို ဆွဲယူပေးတတ်ကြပါတယ်။ လင်းယုန်တွေက ထူထဲတဲ့သားမွေးတွေရှိနေပြီး အကောင်ကလည်း အရမ်းကို ကြီးလွန်းကြတယ်လို့ ဆိုပါတယ်။



mgyoe.com

mgyoe.com




## အေဗရာဟင် လင်ကွန်း

**အမေရိကန်၏ ၁၆ ယောက်မြောက်သမ္မတ**

တာဝန်ထမ်းဆောင်သော
ကာလအပိုင်းအခြား
၁၈၆၁ — ၁၈၆၅

**သူ၏အိမ်မွေးတိရစ္ဆာန်များ**

| | |
|---|---|
| ငှက် | ၁ ကောင် |
| ကြောင် | ၁ ကောင် |
| ခွေး | ၂ ကောင် |
| ဆိတ် | ၂ ကောင် |
| မြင်း | ၃ ကောင် |
| မြင်းပု | ၂ ကောင် |
| ယုန် | ၂ ကောင် |

ဖီဒို ဆိုတဲ့ မျိုးစပ်ထားတဲ့ အဝါရောင်ခွေးကို အီလီနွိုက်စ်ကနေ ဝါရှင်တန်အထိ လင်ကွန်းက သယ်ဆောင်ခေါ်ယူခဲ့ပါတယ်။ ဖီဒိုကို ခေါ်ဆောင်လာတဲ့ ခရီးတစ်လျှောက်မှာ ရထားခရီးစဉ် ဖြစ်နေတာကြောင့် ဖီဒိုပင်ပန်းပြီး အသက်ရှင်နိုင်ပါ့မလားလို့တောင် လင်ကွန်းက စိတ်ပူခဲ့ပါတယ်။ အိမ်ဖြူတော်မိသားစုဝင်တွေက ဖီဒို ခြေထောက်ပေကြီးနဲ့ အိမ်ထဲဝင်ထွက်တာကိုဖြစ်စေ၊ အခြားသောအပြစ်တစ်ခုခု လုပ်လျှင်ဖြစ်စေ ဘယ်သူကမှ ပြစ်တင်ကြိမ်းမောင်း ဆူပူခြင်းတွေ မလုပ်ကြဘူးလို့ ဆိုပါတယ်။ ဒီတော့ ဖီဒိုက အိမ်ဖြူတော်မှာ ကြိုက်သလို ဝင်ထွက်သွားလာခွင့် ရခဲ့တယ်။ သူက အိမ်ထဲကို ဝင်ချင်တဲ့အခါတိုင်း အိမ်ရှေ့တံခါးကို လက်သည်းနဲ့ ကုတ်ခြစ်လေ့ရှိတယ် လို့ ဆိုပါတယ်။ သမ္မတ လင်ကွန်းက 'ဖီဒို'အတွက် မြင်းမွေးနဲ့ ချုပ်ထားတဲ့ ဆိုဖာခုံတစ်ခုံကို အပိုင်စားပေးထားခဲ့တယ်လို့ ဆိုပါတယ်။



mgyoe.com

mgyoe.com





သမ္မတလင်ကွန်းရဲ့သား "တက်ဒ်"မှာ နန်နီနဲ့ နန်ကို ဆိုတဲ့ ဆိတ်နှစ်ကောင်ရှိပြီး အိမ်ဖြူတော်ရဲ့ လွတ်လပ်ခွင့်ကို အပြည့်အဝ ရရှိထားတဲ့ တိရစ္ဆာန်တွေအဖြစ် ရပ်တည်ခွင့်ရခဲ့ပါတယ်။ "တက်ဒ်"က သူချစ်တဲ့ ဆိတ်နှစ်ကောင်ကို မြင်းရထားမှာ တပ်လိုက်တယ်။ ပြီးတော့ အိမ်ဖြူတော်ရဲ့ အခန်းကျယ်ကြီးတွေထဲမှာ ဆိတ်နှစ်ကောင်ဆွဲတဲ့ မြင်းရထားကို လိုက်စီးတတ်တယ်။ တစ်ခါတလေ သမ္မတကတော် မေရီလင်ကွန်းက တီးပါတီပေးနေတုန်း ပါတီပွဲလုပ်ရာ အခန်းကျယ်ကြီးထဲကို အဲဒီဆိတ်ရထားက ဝင်ရောက်သွားခဲ့တယ်လို့ ဆိုပါတယ်။ သမ္မတ လင်ကွန်းကတော့ အဲဒီဆိတ်နှစ်ကောင်ဟာ လောကမှာ အကောင်းဆုံးနဲ့ သနားကြင်နာစရာ အကောင်းဆုံးသော ဆိတ်တွေ ဖြစ်တယ်လို့ မှတ်ချက်ချခဲ့ပါတယ်။



mgyoe.com